# စိတ်ဓာတ်ကျခြင်းကို နားလည်ခြင်း

YR C
NO. 41

အလွတ်ကျမ်းချက်။ ။ ဟေဗြဲဩဝါဒစာ ၁၀:၃၇၊ ၃၈

"အဘယ်ကြောင့်နည်းဟူမူကား၊ ကြွလာလတံ့သောသူသည်
မဆိုင်းမလင့်ဘဲ၊ မကြာမမြင့်မှီ ရောက်တော်မူလိမ့်မည်။ ဖြောင့်မတ်သော
သူသည် ယုံကြည်ခြင်းအားဖြင့် အသက်ရှင်လိမ့်မည်။ သို့သော်လည်း၊
ရွေလျော့လျှင်၊ ငါ့စိတ်ဝိညာဉ်သည်
ထိုသူကို အားရနှစ်သက်ခြင်းမရှိဟု ဘုရားသခင် အမိန့်တော်ရှိ၏။"





## တနင်္ဂနွေနေ့ ၊ စိတ်ဓာတ်အကြီးအကျယ်ကျခြင်း ၁

၁၈၄၄ ခုနှစ်၊ အောက်တိုဘာ ၂၂ တွင် ယုံကြည်သူများသည် သခင်ယေရှုပြန်ကြွလာတော်မူခြင်းကို စိတ်အားထက်သန်စွာ စောင့်မျှော်နေခဲ့ကြခြင်းသည် အမှားတစ်ခုဖြစ်ခဲ့သည်။ ထိုအမှားကို အဘယ်သူမှ ငြင်းဆို၍မရနိုင်ပေ။ အောက်တိုဘာ ၂၃ ရက်၌ နေသည်ထွက်လာသည်နှင့်အမျှ၊ သူတို့၏ကြိုတင်ဟောထားခြင်းသည် မှားကြောင်းထင်ရှားလေပြီ၊ ထို့ကြောင့် သူတို့သည် ခါးသီးစွာစိတ်ဓာတ်ကျခဲ့လေ၏။ သူတို့ထဲမှ ဟီရမ်အက်ဒ်ဆန် (Hiram Edson) အမည်ရှိသူတစ်ယောက်သည် မကြာမီတွင် အတွေ့အကြုံကို ဖော်ပြခဲ့သည်။ "အဲဒီနေ့ရက်သည် ကုန်လွန်သွားခဲ့ပြီး၊ ကျွန်ုပ်တို့၏စိတ်ဓာတ်ကျခြင်းသည် အသေအချာဖြစ်လာခဲ့သည်။ ကျွန်ုပ်တို့၏ အကောင်းဆုံးမျှော်လင့်ချက်များနှင့် မျှော်မှန်းတောင့်တချက်များ ပျက်ပြားသွားပြီး၊ တစ်ခါမျှမကြုံဖူးသည့်ငိုကြွေးမြည်တမ်းခြင်းသည် ကျွန်ုပ်တို့အပေါ်သို့ လွှမ်းမိုးခဲ့လေသည်။ ယင်းသည် မြေကြီးပေါ်ရှိမိတ်ဆွေသူငယ်ချင်းများအားလုံးကို ဆုံးရှုံးခြင်းနှင့်နှိုင်းယှဉ်၍ပင် မရနိုင်ပုံရသည်။ ကျွန်ုပ်တို့သည် ထိုနေ့ရက်ကုန်လွန်သည့်တိုင်အောင် ငိုကြွေးမြည်တမ်းခဲ့ကြသည်။" ထိုသို့ သူ့အတွေ့အကြုံကို ဖော်ပြခဲ့သည်။

အခြားထောင်ပေါင်းများစွာသော သူတို့သည်လည်း ထိုနည်းတူ၊ စိတ်ပျက်လက်ပျက်ဖြစ်ခြင်း၊ စိတ်ရှုပ်ထွေးခြင်းနှင့် နာကြင်ခြင်းကို ခံစားခဲ့ရကြသည်။ သို့သော် သူတို့အတွက်အရေးကြီးဆုံးမှာ သူတို့အကြောင်း ယေရှု စဉ်းစားပေးခဲ့သောအရာပင်ဖြစ်သည်။ သူတို့သည် တစ်လျှောက်လုံး မှားယွင်းပြီး ကိုယ်တော်ကို ကဲ့ရဲ့ရှုတ်ချခဲ့ကြသလော။ ရန်သူများက သူတို့ကို မိုက်မဲခြင်းနှင့် ဝါသနာရှင်များဟု အကြိမ်ကြိမ်ခေါ်ဆိုကဲ့ရဲ့ခဲ့ကြသည်။ ၎င်းသည် မှန်ပါသလား။

မျှော်လင့်ခြင်းယုံကြည်သူများသည် သခင်ယေရှုကြွလာတော်မူခြင်းအကြောင်းနှင့်ပတ်သတ်၍ သူတို့၏တရားဟောခြင်းတွင် ဘုရားသခင်သည် ပို့ဆောင်လမ်းပြကြောင်းကို သိခဲ့ကြသည်။ ဒံယေလအနာဂတ္တိကျမ်း ၈း ၁၄ ၏ ရက်ပေါင်း ၂၃၀၀ သည် ၁၈၄၄ ခုနှစ် တွင် အဆုံးသတ်ခဲ့သည်ကို သူတို့၏ရန်သူများပင် ငြင်းဆန်၍မရနိုင်ပါ။ အဘယ်အရာက မှားယွင်းနိုင်သနည်း။ လုံခြုံစိတ်ချရသောအရာ တစ်ခုတည်းသာရှိပါသည်။ ၎င်းမှာ သမ္မာကျမ်းစာကို ဆက်လေ့လာ၍ ဘုရားသခင်အား အမှန်တရား ပိုမိုပြသရန် စိတ်ရှည်ရှည်နှင့် စောင့်နေခြင်းပင်ဖြစ်သည်။

မျှော်လင့်ခြင်းယုံကြည်သူများသည် သခင်ယေရှု၏ တပည့်တော်များ ပြုမိခဲ့သောအမှားတစ်ခုနှင့် ဆင်တူသည်။ တပည့်တော်တို့က မေရှိယသည် ဘုရင်ဖြစ်လာပြီး၊ ဣသရေလတို့၏ရန်သူများကို အောင်မြင်လိမ့်မည်ဟု အများသွန်သင်ချက်ကို ယုံကြည်ခဲ့ကြသည်။ ထို့ကြောင့် သခင်ယေရှုသည် မြည်းကိုစီး၍ ယေရုရှလင်မြို့သို့အောင်ပွဲဆင်ဝင်လာသောအခါ၊ သူတို့က ကိုယ်တော်သည် ဘုရင့်သရဖူဆောင်းတော့မည်ကို ယုံကြည်စိတ်ချခဲ့ကြသည်။ သူသည် ထိုရက်သတ္တပတ်မကုန်မီ၊ လက်ဝါး ကပ်တိုင်ပေါ်မှာ အသေသတ်ခြင်းကို ခံရလိမ့်မည်ဟု သူတို့မထင်မှတ်ခဲ့ကြချေ။ ထိုနည်းတူစွာပင်၊ မျှော်လင့်ခြင်းယုံကြည်သူများက ကမ္ဘာမြေကြီးသည် သန့်ရှင်းရာဌာနဖြစ်သည်ဟူသောကျမ်းစာနှင့် မညီသောသွန်သင်ချက်ကို လက်ခံခဲ့ပြီး၊ ယင်းက အောက်တိုဘာ ၂၂ ရက်နေ့တွင် သခင်ယေရှုသည် ကမ္ဘာမြေကြီးအား မီးနှင့်မီးဖိုထဲသို့ ဆေးကြောသန့်စင်စေလိမ့်မည်ဟု မျှော်လင့်စေခဲ့သည်။

သို့သော် သခင်ယေရှုသည် မိမိ၏တပည့်တော်များကို ချစ်သကဲ့သို့၊ သူ၏စိတ်တော်နှင့်ထိတွေ့ရန်စိတ်ရင်းမှန်ဖြင့် ကြိုးစားခဲ့ကြသော မျှော်လင့်ခြင်းယုံကြည်သူများကို ကိုယ်တော်ချစ်တော်မူပါသည်။ သူတို့သည် သူ၏သတင်းစကားကို တစိတ်တပိုင်းသာ နားလည်ကြပြီး၊ သူသည် အမှန်တရားကို ပိုမိုနားလည်ရန် လမ်းပြပို့ဆောင်ပေးလိမ့်မည်။

**လက်တွေ့ကျင့်သုံးရန်။** ကမ္ဘာပေါ်ရှိ "လူထုကြီး" အများစုက သူတို့နှင့်သဘောမတူခြင်းကို ခရစ်ယာန်များသည် အံ့ဩသင့်ပါသလား။ ကောရိန္သုဩဝါဒစာ ပဋ္ဌမစောင် ၁း၂၆၊ ၂၇။ ခရစ်ယာန်များသည် သခင်ယေရှုကို ကျေးဇူးပြုရန် လိုချင်ကြသည်၊ လောကကို မဟုတ်ပါ။ သို့သော် သူတို့သည် ကိုယ်တော်ကို တစ်စုံတစ်ခုမှားယွင်းစွာပြုမိပါက၊ သူသည် ထိုသူတို့အပေါ်ကျောခိုင်းသွားလိမ့်မည်လော။ ဟေဗြဲဩဝါဒစာ ၁၃း၅၊ ၆၊ တရားဟောရာကျမ်း ၃၁း၆၊ ၈။

## တနင်္လာနေ့ ၊ အကူအညီအတွက် ဘုရားသခင်ကို တောင်းလျှောက်ခြင်း ၂

သခင်ယေရှုပြန်ကြွလာတော်မမူသည့်အတွက် ကြောက်မက်ဖွယ်ကောင်းသောစိတ်ဓာတ်ကျခြင်းက မျှော်လင့်ခြင်းယုံကြည်သူများကို ဝမ်းနည်း၍ စိတ်ရှုပ်ထွေးစေခဲ့သော်လည်း အချို့က သူ့အားယုံကြည်ခဲ့ကြဆဲဖြစ်သည်။ နောက်တစ်နေ့မနက်၌ ကူညီဖို့ရန် သူတို့ကို ဘုရားသခင် စေလွှတ်လိုက်သည်။

ရက်သတ္တပတ်အနည်းငယ်အကြာတွင် အယ်လင်သည် သတိပြန်ရလာခဲ့သည်။ သို့သော် သူမသည် အလွန်ပြောင်းလဲခဲ့ပြီး သူမ၏ အ ပေါင်းအဖော်သူငယ်ချင်းများနှင့် ဆွေမျိုးများကပင် သူမကိုအသိအမှတ်ပြုဖို့ ခဲယဉ်းခဲ့သည်။ သူမက အားမငယ်ဘဲ ကျောင်းဘယ်တော့မှ ထပ်မတတ်နိုင်တော့ပေ။ သူမသည် တတိယတန်းတတ်ခဲ့ပြီးနောက် ကျောင်းဆက် မတတ်ခဲ့ပါ။

အယ်လင်နှင့် သူမ၏မိသားစုတို့သည် ကြွလာတော်မူခြင်းကို မျှော်လင့်သောယုံကြည်သူများထဲတွင်ပါဝင်ပြီး သူတို့မျှော်လင့်သည့်အချိန်၌ သခင်ယေရှုကြွမလာသောအခါ သူတို့သည် အလွန်စိတ်ဓာတ်ကျခဲ့ကြသောသူများဖြစ်သည်။ စိတ်ဓာတ်ကျပြီးနောက် ရက်သတ္တပတ်များစွာအကြာတွင် သူမနှင့် အခြားအမျိုးသမီးငယ်လေးဦးတို့သည် အတူတကွဆုတောင်းရန် တွေ့ဆုံခဲ့ကြသည်။ အောက်တိုဘာ ၂၂ ရက်တွင် ဖြစ်ပျက်ခဲ့သောအရာကို ဘုရားသခင်က ဟီရမ်အက်ဒ်ဆန်အား နားလည် သဘောပေါက်ခြင်းပေးသည့်အကြောင်းကို သူတို့ မကြားခဲ့ကြပါ။ သူတို့သည် ဘုရားသခင်စေခိုင်းသည့်အတိုင်း လုပ်ဆောင်ခဲ့ကြောင်း ယုံကြည်ပြီး၊ သခင်ယေရှုကို မြင်တွေ့ရန် အလွန်စိတ်ဆန္ဒပြင်းပြခဲ့ကြသည်။ ယခု သူတို့အား သခင်ယေရှုနောက်ထပ်ဘာလုပ်စေချင်သည်ကို သိဖို့ရန် အလိုအပ်ဆုံးဖြစ်နေသည် ဟု သူတို့ခံစားခဲ့ကြသည်။

ထိုနေ့ အယ်လင်သည် ဆုတောင်းနေသောအခါ၊ တစ်စုံတစ်ခုက အံ့ဩဖွယ်ဖြစ်ပျက်ခဲ့သည်။ နောက်ပိုင်းတွင် သူမသည် ဤသို့ရေးခဲ့သည် - "ကျွန်ုပ်ယခင်ကတစ်ခါမျှမခံစားဖူးသော ဘုရားသခင်၏တန်ခိုးတော်သည် ကျွန်ုပ်အပေါ်သို့သက်ရောက်သည်၊ ဗျာဒိတ်ရူပါရုံ၌ ဘုရားသခင်၏ဘုန်းတော်အလင်းရောင်ခြည်သည် ကျွန်ုပ်ကိုရစ်ပတ်ပြီး၊ ကျွန်ုပ်သည် ကမ္ဘာမြေပေါ်မှ တဖြည်းဖြည်း အထက်သို့ တက်လျက်ရှိသည်ဟု ထင်ရလေသည်၊ မျှော်လင့်ခြင်းယုံကြည်သူများ၏ သန့်ရှင်းသောမြို့တော်သို့ခရီးသွားခြင်းအကြောင်းကို ကျွန်ုပ်ကို ပြသခဲ့သည်" ဟု ရေးသားခဲ့သည်။

ဘုရားသခင်က သူမကို ဘာပြသခဲ့သနည်း။ ကြွလာခြင်းကို မျှော်လင့်သောမျှော်လင့်ခြင်းရှိသူများကို ပြသခဲ့သည်။ သူတို့သည် အမှန်တရားကို ချစ်မြတ်နိုးပြီး၊ သခင်ယေရှုအပေါ်သူတို့၏ယုံကြည်ခြင်း စွန့်လွှတ်ရန်ငြင်းဆိုသော အနည်းငယ်ကျန်ကြွင်းသောလူများ ဖြစ်သည်။ ကောင်းကင်သည် ဤအုပ်စုငယ်ကို အထူးစိတ်ဝင်စားခဲ့သည်။ ဤအရာက မည်သည့်အားပေးမှု ယူဆောင်လာပေးသနည်း။

**လက်တွေ့ကျင့်သုံးရန်။** ဘုရားသခင်၏ သားသမီးတစ်ယောက်ဖြစ်ခြင်းထက် ပိုကောင်းသော အခြားမည်သည့်အရာများရှိပါသနည်း။ ဟေရှာယအနာဂတ္တိကျမ်း ၄၁း၈-၁၃။

## သောကြာနေ့ ၊ ရူပါရုံသည် မျှော်လင့်ချက်ကို ယူဆောင်လာပေးခြင်း ၄

အယ်လင်ဟာရ်မာန်သည် "ဘုရားသခင်၏ဘုန်းတော်အလင်းရောင်ခြည်၌ ရစ်ပတ်ခံရသည်သောအခါ" သူမသည် "ကမ္ဘာမြေပေါ်မှ တဖြည်းဖြည်းအထက်သို့ တက်လျက်ရှိသည်ဟု ထင်ခဲ့သည်။" သို့သော် အယ်လင်သည် ကမ္ဘာမြေကြီးကို စိတ်မဝင်စားခဲ့ပါ။ သူမသည် မျှော်လင့်ခြင်းလူများကို စောင့်မျှော်ခဲ့သည်၊ သို့သော် သူမသည် သူတို့ကို ရှာမတွေ့ခဲ့ချေ။ ထို့နောက် သူမက "နောက်တဖန် ကြည့်ရှုပါ၊ အနည်းငယ်ပိုမြင့်သောနေရာကို ကြည့်ပါ" ဟူသောစကားသံကို ကြားခဲ့သည်။



အယ်လင်က ဤသို့ရေးခဲ့သည် - "ဤတွင် ကျွန်ုပ်မျှော်ကြည့်ခဲ့သောအခါ ကမ္ဘာမြေကြီး၏အထက်တွင် မြင့်မားသော ကျဉ်းမြောင်းသောလမ်းကို မြင်သည်။ ဤလမ်းတွင် ယေရှုဒုတိယအကြိမ်ပြန်လည်ကြွလာခြင်းကိုယုံကြည်သူများသည်မြို့တော်သို့ ခရီးသွားနေကြသည်။ ၎င်းမြို့သည် လမ်းကြောင်း၏ဝေးသောအဆုံးမှာ ရှိသည်။ လမ်း၏အစတွင် သူတို့နောက်၌ တောက်ပသောအလင်းရောင်ရှိသည်၊ ၎င်းကို ကောင်းကင်တမန်တစ်ပါးက သန်းခေါင်ယံဟစ်ကြွေးခြင်းဖြစ်သည်ဟု ကျွန်ုပ်အားပြောပြခဲ့သည်။ ဤအလင်းရောင်ခြည်သည် ထိုလမ်းကြောင်းတစ်လျှောက် တောက်ပပြီး၊ သူတို့လမ်းလျှောက်ရန် အတွက် အလင်းကိုပေးခဲ့သည်၊ ထို့ကြောင့် သူတို့သည် လဲကျနိုင်မည်မဟုတ်နိုင်ပါ။ အကယ်၍ သူတို့သည် သခင်ယေရှုကို မျက်မှောက်စေ့စေ့ပြုခဲ့ပါလျှင် ထိုမြို့တော်သို့ သူတို့အား ပို့ဆောင်ပေး၍၊ သူတို့သည် ဘေးကင်းလုံခြုံခြင်းသို့ ရောက်ရှိကြသည်။"

သူတို့၏ဆုတောင်းခြင်းအတွက် အဘယ်မျှလောက် အံ့ဩဖွယ်ကောင်းသော အဖြေပါနည်း။ ၎င်းသည် ဘုရားသခင်၏စီမံကိန်းကို သူတို့ နားလည်သဘောပေါက်ရန်လုပ်ဆောင်ခဲ့သော အမှားပြုမိသူများအတွက် ဆုံးမသြဝါဒပေးခြင်း သို့မဟုတ် ဆုံးမပဲ့ပြင်ခြင်းအကြောင်း ရှည်လျားသော သင်ခန်းစာ မဟုတ်ပါ။ သို့သော် ၎င်းသည် ထိုအချိန်တုန်းက သူတို့သိဖို့လိုအပ်သည့်အရာမှန်သမျှကို ပြောပြခဲ့သည်။

အယ်လင်က မျှော်လင့်ခြင်းလူများသည် ကမ္ဘာကြီးနှင့် ရောထွေးခြင်းမရှိကြောင်းကို သတိပြုမိခဲ့သည်။ သူတို့သည် ထိုလောကထက် "ပို၍မြင့်" သည်။ သူတို့သည် ဘုရားသခင်၏မြို့တော်သို့ ခရီးသွားနေကြသည်။ သူတို့က အချို့အရာများကို အမှားပြုမိကြသော်လည်းပဲ သခင်ယေရှုသည် သူတို့ကို ဦးဆောင်နေခဲ့သည်။ (သခင်ယေရှုသည် ၁၈၄၄ ခုနှစ်၊ အောက်တိုဘာ ၂၂ ရက်တွင် ကြွလာလိမ့်မည်ဟု ကြေငြာခြင်း) သည် မာရ်နတ်၏လှည့်ကွက် မဟုတ်ခဲ့ချေ။ ၎င်းသည် ကောင်းကင်သို့သွားရာ လမ်းခရီးတစ်လျှောက်လုံး ထွန်းလင်းတောက်ပနေသော အလင်းတစ်ခုဖြစ်သည်။

ထိုအမျိုးသမီးငယ်များ၌ ရှိနေမည့်မေးခွန်းများကို မြင်ယောင်ကြည့်ပါ။ အကယ်၍ သန်းခေါင်ယံဟစ်ကြွေးခြင်းသည် အမှား တစ်ခုမဖြစ်ခဲ့ပါကသခင်ယေရှုသည် အဘယ်ကြောင့် ပြန်မကြွလာသနည်း။ ယခုတွင် ဘုရားသခင်၏လူများသည် ဘာလုပ်သင့်သနည်း။ ထိုမြို့သို့ အဘယ်မျှလောက်ကြာကြာ ခရီးသွားရပါမည်နည်း။

သူတို့က နောက်ပိုင်းမှာ ဤမေးခွန်းများ၏ အဖြေကို သင်ယူရလိမ့်မည်။ ယခုအချိန်မှာ သူတို့သည် သခင်ယေရှုက သူတို့ကို ဦးဆောင်နေဆဲရှိသည်ကို သိရသည့်အတွက် ပျော်ရွှင်ဝမ်းမြောက်ခဲ့ကြသည်။ သူတို့သည် သူတို့၏မေးခွန်းများကို ဖြေကြားရန်နှင့် သူတို့၏ စိတ်ဓာတ်ကျခြင်းကို ရှင်းပြရန် ကိုယ်တော်ကို ယုံကြည်ကိုးစားနိုင်ခဲ့ကြလေသည်။

**လက်တွေ့ကျင့်သုံးရန်။** ဒါဝိဒ်သည် သူ၏စိတ်ဓာတ်ကျခြင်းများနှင့် ဒုက္ခတရားများတစ်လျှောက်လုံးတွင် မည်သည့်အရာများကို လုပ်ဆောင်ရန် သင်ယူခဲ့ရသနည်း။ ဆာလံကျမ်း ၂၇း၁၃၊ ၁၄။ ကျွန်ုပ်တို့သည်လည်း ထိုနည်းတူ လုပ်ဆောင်နိုင်ပါသလား။

© ၂၀၂၃ - My Bible First 

ထိုမနက်တွင် ဟီရမ်အက်ဒ်ဆန်နှင့် အချို့သောမျှော်လင့်ခြင်းအပေါင်းအဖော်တို့သည် အားပေးဖို့ရန်၊ ဆုတောင်းဖို့ရန်နှင့် လေ့လာဖို့ရန်အတွက် အတူတကွတွေ့ဆုံခဲ့ကြသည်။ အက်ဒ်ဆန်က “မိုးချုပ်သည့်တိုင်အောင် ငိုကြွေးမြည်တမ်းကြသည်” ဟု ပြောခဲ့သည်။ သူတို့သည် မိမိတို့၏စိတ်ခံစားချက်များကို ထိန်းချုပ်ခဲ့ပြီးနောက်၊ အကြောင်းအရာများကို စဉ်းစားရန် စတင်ကြိုးစားခဲ့လေသည်။ သူတို့၏စိတ်ဓာတ်ကျခြင်းအတွက် မည်သည့်ရှင်းပြချက်မျှ သူတို့မှာ မရှိခဲ့ချေ။ သူတို့သည် ပရောဖက်ပြုချက်များနှင့် ပတ်သက်၍ သူတို့နားလည်ခြင်း၌ လွဲမှားမှု တစ်စုံတစ်ခုကိုမျှ မတွေ့နိုင်ခဲ့ကြပေ။



သူတို့ အသေအချာသိခဲ့သောအရာတစ်ခု ရှိသည်၊ ၎င်းမှာ သူတို့၏ကြွလာခြင်းကို မျှော်လင့်ခဲ့သည့် အတွေ့အကြုံတစ်လျှောက် ဘုရားသခင်သည် ဦးဆောင်ပေးပြီး၊ ကောင်းချီးပေးခြင်းပင်ဖြစ်သည်။ အချိန်ကာလများ သည် ယခင်ကထက်ပို၍ ခက်ခဲလာလေသည်၊ သို့သော် ဘုရားသခင်သည် သူတို့အား အမြဲကူညီခဲ့သည်။ ထို့ကြောင့် သူတို့သည် ယုံကြည်ခြင်းရှိဖို့ရန် ရွေးချယ်ခဲ့ကြပြီး၊ ဤအကျပ်အတည်းကာလထဲ၌ပင် ဘုရားသခင်သည် သူတို့ကိုကူညီလိမ့်မည်ဟု ယုံကြည်ခဲ့ကြသည်။

ထိုနံနက်နောက်ပိုင်းတွင် အက်ဒ်ဆန်နှင့် သူငယ်ချင်းတစ်ယောက်သည် အနီးအနားရှိအခြားမျှော်လင့်ခြင်းအသင်းဝင်များ နေထိုင်နေရာသို့ သွားရောက်လည်ပတ်ရန်နှင့် သူတို့အား အားပေးဖို့ကြိုးစားရန် ဆုံးဖြတ်ခဲ့သည်။ သူတို့သည် လယ်ကွင်းတစ်လျှောက် ဖြတ်သန်းသွားခဲ့ကြသောကြောင့် ဖြစ်နိုင်သည်မှာ သူတို့သည် လမ်းပေါ်ရှိ မယုံကြည်သူများနှင့် မျက်နှာချင်းတွေ့ဆုံရလိမ့်မည် မဟုတ်ပေ။

သူတို့သည် လမ်းလျှောက်သွားသည်နှင့်အမျှ၊ အက်ဒ်ဆန် သည် ရုတ်တရက်ရပ်လိုက်သည်။ ထိုအချိန်တွင်၊ နှစ်ပေါင်း ၂၃၀၀ နှစ်၏အဆုံး၌ သန့်ရှင်းရာဌာနတော်ကို သန့်ရှင်းစေခြင်းသည် ကမ္ဘာမြေကြီးကိုမဟုတ်ဘဲ ကောင်းကင်ရှိသန့်ရှင်းရာဌာနဖြစ်သည်ကို ဘုရားသခင်သည် သူ့အားနားလည်ရန် ကူညီပေးခဲ့သည်။ ၁၈၄၄ ခုနှစ်၊ အောက်တိုဘာ ၂၂ ရက်တွင် အလွန်အရေးကြီးသော အရာတစ်ခု ဖြစ်ပျက်ခဲ့သည်ကို သူချက်ချင်းအသိအမှတ်ပြုခဲ့သည်။ မျှော်လင့်ခြင်းယုံကြည်သူများသည် ပရောဖက်ပြုချက်၏နေ့ရက်ကို မှန်ကန်စွာနားလည်သဘောပေါက်ခဲ့ကြသည်၊ သို့သော် သူတို့သည် ဖြစ်ရပ်မှန်ကို နားလည်မှုလွဲခဲ့ကြသည်။ ဟေဗြဲဩဝါဒစာ ၈း၁၊ ၂၊ ၉း၆-၁၂။

ထိုအချိန်က ဟီရမ်အက်ဒ်ဆန်သည် သန့်ရှင်းရာဌာနအကြောင်းနှင့် ပတ်သက်သောအရာအားလုံးကို နားမလည်ခဲ့ပါ၊ သို့သော် ဘုရားသခင်သည် သူတို့၏စိတ်ဓာတ်ကျခြင်းများအတွက် အဖြေပေးထောက်ပံ့ခဲ့သည်ကို သူက ရှင်းရှင်းလင်းလင်း နားလည်သဘောပေါက်ခဲ့သည်။

**လက်တွေ့ကျင့်သုံးရန်။** သင်သည် စိတ်ဓာတ်ကျဖူးသလား သို့မဟုတ် စိတ်ရှုပ်ထွေးမှုဖြစ်ခဲ့ဖူးသလား။ သခင်ယေရှုနောက်သို့လိုက်နေစဉ် ခက်ခဲကျပ်တည်းသောကာလကို ရင်ဆိုင်ဖြတ်သန်းနေရသောခရစ်ယာန်များအား ပေါလုက အဘယ်အားပေးမှုပေးထားသနည်း။ ကောရိန္သုဩဝါဒစာ ဒုတိယစောင် ၄း၈၊ ၉၊ ၁၇။

## အင်္ဂါနေ့ | ကောင်းကင်ဘုံရှိ သန့်ရှင်းရာဌာန ၃

ဟီရမ်အက်ဒ်ဆန်နှင့် သူ၏အပေါင်းအဖော်သူငယ်ချင်းများသည် ကောင်းကင်ရှိသန့်ရှင်းရာဌာနအကြောင်း စတင်လေ့လာသောအခါ သူတို့သင်ယူရမည့် အခြားမည်သည့်အရေးကြီးသောအမှန်တရားများ မည်မျှရှိသည်ကို မသိခဲ့ကြပါ။ အတူတူချိတ်ဆက်သောအခါတွင် ထိုအမှန်တရားများသည် နောက်ဆုံးသောကာလ၌ ဘုရားသခင်၏လုပ်ငန်းနှင့် သူ၏လူများတို့၏ ရှင်းလင်းပြတ်သားသော ရုပ်ပုံတစ်ခုကို လုပ်ဆောင်ပေးသည်။

အက်ဒ်ဆန်နှင့် သူ၏အပေါင်းအဖော်သူငယ်ချင်းများသည် သမ္မာကျမ်းစာက သန့်ရှင်းရာဌာနနှစ်ခု အကြောင်းပြောထားသည်ကို ချက်ချင်းမြင်တွေ့ခဲ့သည်။ တစ်ခုသည် မောရှေအားဖြင့် တည်ဆောက်ထား၍၊ ထို့နောက် ရှောလမုန်မင်း၏ဗိမာန်တော်ဖြင့် အစားထိုးသောတစ်ခုဖြစ်သည်။ အခြားတစ်ခုမှာ ကောင်းကင်ဘုံ၌ရှိသော တစ်ခုဖြစ်သည်။ အေဒီ ၇၀ တွင် ဗိမာန်တော်ဖျက်ဆီးခံရပြီး၊ နှစ်ပေါင်း ၂၃၀၀ မကုန်မီကြာမြင့်စွာကတည်းက ထိုပရောဖက်ပြုချက်သည် ကောင်းကင်ရှိသန့်ရှင်းရာဌာနကို ရည်ညွှန်းခြင်းဖြစ်သည်။

သို့သော် သန့်ရှင်းရာဌာန၏သန့်စင်ဆေးကြောခြင်းကား အဘယ်နည်း။ အက်ဒ်ဆန်သည် နောင်တရသောဣသရေလ လူတို့၏အပြစ်များကို နေ့စဉ်တိရစ္ဆာန်ယဇ်များဖြင့် သန့်ရှင်းရာဌာနသို့ မည်သို့ရွှေ့ပြောင်းခဲ့သည်ကို လေ့လာခဲ့သည်။ နှစ်စဉ်ယဇ်ပူဇော်ခြင်း အမှုများ၏နှစ်ကုန်အပြစ်ဖြေရာနေ့တွင် အပြစ်များဝန်ခံခြင်းကို တဲတော် သန့်ရှင်းရာဌာနတော်ထဲသို့ ယူဆောင်လာသောအခါ ထို့နောက် သန့်ရှင်းရာဌာနကို တစ်နှစ်တစ်ကြိမ် သန့်စင်ခဲ့သည်။ ဝတ်ပြုရာကျမ်း ၁၆း၁၉။



အက်ဒ်ဆန်သည် ကျမ်းစာကိုပိုမိုလေ့လာခြင်းအားဖြင့် ဤနှစ်ပတ်လည်သင်္ကေတသည် အချိန်ကာလကုန်ဆုံးချိန်မတိုင်မီ မိမိလူများအတွက်ယေရှု၏လုပ်ဆောင်မှုကို ကိုယ်စားပြုကြောင်း သိရှိနားလည်ခဲ့သည်။ အာဒံအချိန်ကတည်းက နောင်တရသောအပြစ်သားများသည် သူတို့၏အပြစ်များကို ဝန်ချတောင်းပန်ပြီး ယုံကြည်ခြင်းအားဖြင့် ယေရှုအပေါ်ကို အပ်နှံခဲ့သည်။ သို့သော် ထိုအပြစ်များကို ကောင်းကင်ဆိုင်ရာသန့်ရှင်းရာဌာနတော်၌ မှတ်တမ်းတင်ထားဆဲ ဖြစ်သည်။

၁၈၄၄ ခုနှစ်၊ အောက်တိုဘာ ၂၂ တွင်၊ အမှန်တကယ်အပြစ်ဖြေရာနေ့သည် အစပြုခဲ့သည်။ ထိုနေ့တွင် ကျွန်ုပ်တို့ကောင်းကင်ဆိုင်ရာအမြင့်ဆုံးယဇ်ပုရောဟိတ်မင်းဖြစ်သော သခင်ယေရှုသည် ကောင်းကင်ဆိုင်ရာတဲတော်၏အသန့်ရှင်းဆုံးအခန်းထဲသို့ ဝင်သွားပြီး၊ သူ၏ သန့်စင်ခြင်းအမှုကို အစပြုခဲ့သည်။

မျာဒိတ်ကျမ်းပါ ပရောဖက်ပြုချက်သည် ရုတ်တရက်ပင် ယုံကြည်သူများအတွက် အဓိပ္ပာယ်များစွာရှိသည်။ ဗျာဒိတ်ကျမ်း ၁၀:၁-၁၁။ လောကီနိုင်ငံအရပ်ရပ်ရှိသမျှအပေါ်မှာ အခွင့်အာဏာရှိသည့်ကောင်းကင်တမန် (ခြေတစ်ဘက်ကုန်းပေါ်တွင်၊ နောက်တစ်ဖက်သည် ပင်လယ်ပေါ်တွင်နင်းသူ) သည် သခင်ယေရှုဖြစ်သည်။ သူ၏ လက်တော်၌ “ဖွင့်ထား” သော “စာစောင်ငယ်” သည် ဒံယေလအနာဂတ္တိကျမ်း ဖြစ်သည်၊ ယခုတွင် တံဆိပ်ခတ်မထားတော့ချေ။ ပရောဖက်၏အတွေ့အကြုံသည် သူတို့၏ ကိုယ်ပိုင်အတွေ့အကြုံဖြစ်သည်။ သူတို့သည် ထိုစာစောင်ကို “ယူ၍စား” (လေ့လာ) သည်၊ သူတို့သည် သခင်ယေရှုပြန်ကြွလာတော်မူခြင်းကို မျှော်လင့်နေသောကြောင့် ၎င်းစာစောင်သည် ပျားရည်ကဲ့ချိုသည်။ သို့သော် စိတ်ဓာတ်ကျခြင်းအတွက်မှာ ၎င်းစာစောင်သည် အလွန် “ခါး” လေသည်။ ယခုတွင် သူတို့သည် “တဖန်ပရောဖက်ပြု” ဖို့ရန် ဖြစ်သည်။

**လက်တွေ့ကျင့်သုံးရန်။** ၁၈၄၄ ခုနှစ်၊ အောက်တိုဘာ ၂၂ ရက်တွင် မည်သည့်အရာဖြစ်ပျက်ခဲ့ကြောင်းနှင့် ထိုအချိန်တွင် သခင်ယေရှု သူ၏လုပ်ငန်းစတင်ခဲ့ကြောင်းကို ဖော်ပြထားသည့် ဤကျမ်းချက်များကို ဖတ်ရန် အချိန်ယူပါ။ ဒံယေလအနာဂတ္တိကျမ်း ၇း၉၊ ၁၀၊ ၁၃၊ ၁၄၊ မာလခိအနာဂတ္တိကျမ်း ၃း၁-၃၊ ဟေဗြဲဩဝါဒစာ ၉း၂၃-၂၆။

## ဗုဒ္ဓဟူးနေ့ | ရှုပ်ထွေးမှုဝင်ရောက်လာခြင်း ၄

မကြာမီတွင် ဟီရမ်အက်ဒ်ဆန်နှင့် သူ၏အပေါင်းအဖော်တို့သည် ကောင်းကင်ဆိုင်ရာတဲတော် (သို့မဟုတ်) သန့်ရှင်းရာဌာနတော်အကြောင်းကို မအားမလပ်လေ့လာခဲ့ကြသည်။ သင်ယူလေ့လာစရာများစွာပင်ရှိသည်၊ သူတို့က ပဟေဠိအပိုင်းအစတစ်ခုနှင့် နောက်အပိုင်းအစကို တစ်နေရာ ၌ အတူထားသကဲ့သို့ ၎င်းသည် စိတ်လှုပ်ရှားစရာကောင်းသော အချိန်ဖြစ်ပေမည်။ သို့သော် ၎င်းသည် အချိန်ယူစေခဲ့သည်။ သူတို့တွေ့ခဲ့အရာအကြောင်းမရေးသားခင် လနှင့်ချီအချိန်ယူခဲ့ရသည်။ သူတို့သည် “တဖန်ပရောဖက်ပြု” ဖို့ အဆင်သင့်မဖြစ်ခင် တစ်နှစ်အထက် အချိန်ယူခဲ့ရသည်။

စိတ်ဓာတ်အကြီးအကျယ်ကျခြင်းပြီးနောက် လိုက်လာသောအရာမှာ ထောင်ပေါင်းများစွာသော သခင်ယေရှုကြွလာတော်မူခြင်းကိုယုံကြည်သောသူများတို့သည် ရှုပ်ထွေးနေကြဆဲဖြစ်သည်။ စာတန်သည် ဘုရားသခင်၏လူများအား စိတ်ဓာတ်ကျရန် သူလုပ်နိုင်သောအရာအားလုံးကို လုပ်ဆောင်ခဲ့သည်။ ယုံကြည်ခြင်းမရှိသောသူတို့သည် ရိုးရိုးလေး အရှုံးပေးခဲ့ကြပြီး၊ ထပ်၍ မယုံကြည်ခဲ့ကြတော့ချေ။ အခြားသူများက ၎င်းသည် အလုံးစုံယုံကြည်ဖို့ရန် အမှားတစ်ခုဖြစ်သည်ဟု ပြောဆိုခဲ့ကြသည်။ ထို့အပြင်၊ အချို့တို့မှာ ထူးခြားသော အတွေးအခေါ်များအမျိုးမျိုးဖြင့် ပို၍စိတ်လှုပ်ရှားစရာကောင်းသောအရာများ ရောက်လာဖို့ရန်အတွက် မျှော်လင့်နေကြသည်။



မြောက်များစွာသော မျှော်လင့်ခြင်း ယုံကြည်သူများသည် ငွေသို့မဟုတ် ပိုင်ဆိုင်မှုများ အနည်းငယ်သာရှိကြသည်။ သူတို့သည် အရာအားလုံးအခမဲ့ပေးကမ်းခြင်းအားဖြင့်၊ သခင်ယေရှုမကြာမီကြွလာတော်မူခြင်းအကြောင်း ဟောပြောခြင်းအတွက် ပံ့ပိုးခဲ့ကြသည်။ သို့သော် ဤအကျပ်အတည်းတွင်၊ ဘုရားသခင်သည် မိမိလူတို့ကို မမေ့လျော့ခဲ့ချေ။ သစ္စာရှိသောယုံကြည်သူများအား တစ်လောကလုံး ရယ်မောပြက်ရယ်ပြုခြင်း၊ ကဲ့ရဲ့ခြင်းပြုကြသော်လည်း ဘုရားသခင်သည် သခင်ယေရှုဒုတိယအကြိမ်ကြွလာခြင်း လမ်းခရီးတော်ကို ဆက်လက်၍ စတင်ဟောပြောလုပ်ဆောင်စေရန် ကူညီနိုးထစေတော်မူခဲ့သည်။

ဘုရားသခင်သည် အလွန်ခက်ခဲသောအချိန်ထဲသို့ ရောက်နေသောအခါတွင် မိမိလူတို့အား ကူညီရန် ကတိတော်ပေးခဲ့သည်။ ယောလ၏ ပရောဖက်ပြုချက်သည် တမန်တော်များခေတ်၌ ပင်တေကုတ္တေပွဲနေ့တွင် သန့်ရှင်းသောဝိညာဉ်တော် ကျရောက်သောအခါ၌ တစ်ပိုင်းတစ်စအဖြစ် တစ်ကြိမ် ပြည့်စုံခဲ့ပြီးဖြစ်သည်။ ယောလအနာဂတ္တိကျမ်း ၂း၂၈-၃၂၊ တမန်တော်ဝတ္ထု ၂း၁-၂၁။

သို့သော် ပို၍ ကြီးမားသောပြည့်စုံချက်သည် “နောက်ဆုံးသောနေ့ရက်များ” အတွက်ဖြစ်သည်။ ထိုအကြောင်းကြောင့် ဘုရားသခင်၏လူများတို့ကို မသေချာမရေရာခြင်းနှင့် ရှုပ်ထွေးခြင်းအားဖြင့် ပြည့်နှက်သော ထိုအချိန်၌ ဘုရားသခင်သည် စိတ်သက်သာရာ နှစ်သိမ့်မှုနှင့် အကူအညီဖြစ်သောမိမိ၏ သတင်းစကားကိုပေးရန် အယ်လင်ဟာရ်မာန် (Ellen Harmon) အမည်ရှိသည့် ငယ်ရွယ်သော အမျိုးသမီးတစ်ယောက်ကို ရွေးချယ်ခဲ့သည်။

**လက်တွေ့ကျင့်သုံးရန်။** ကျွန်ုပ်တို့သည် တစ်စုံတစ်ခုကို နားမလည်သောအခါ လက်လျှော့အရှုံးပေးသင့်ပါသလား။ ဘုရားသခင်၏ ဦးဆောင်လမ်းပြခြင်း၌ ကျွန်ုပ်တို့၏ယုံကြည်မှုကို ပျောက်ဆုံးသင့်သလား။ ခက်ခဲကျပ်တည်းသောအချိန်ကာလများအတွင်းတွင် ကျွန်ုပ်တို့ သည်းမခံနိုင်လျှင် ဘာဖြစ်မည်နည်း။ ဟေဗြဲဩဝါဒစာ ၁၀း၃၅-၃၉၊ ရှင်မဿဲခရစ်ဝင် ၂၄း၁၃။

## ကြာသပတေးနေ့ | ဘုရားသခင်သည် အကူအညီစေလွှတ်ပေးခြင်း ၅

ဘုရားသခင်က သူမကို သူ၏အထူးသတင်းယူဆောင်လာပေးသူအဖြစ်ရွေးချယ်ခဲ့သော ၁၈၄၄ ခုနှစ်တွင် အယ်လင်ဟာရ်မာန်သည် အသက် ၁၇ နှစ် ဖြစ်သည်။ သူမသည် အင်အားနည်းသောသူ၊ နာမကျန်းသောသူ၊ လူအများရှေ့၌စကားပြောရန်ကြောက်ရွံ့သောသူဖြစ်သည်။

အယ်လင်သည် ကျန်းမာသန်စွမ်းသောသူ၊ ကျောင်းတက်ခြင်းကို ကြိုက်နှစ်သက်ပြီးပျော်ရွှင်သောသူ ဖြစ်ခဲ့သည်။ သို့သော် တစ်နေ့မှာ သူမအသက် ကိုးနှစ်အရွယ်တွင် ကြောက်စရာကောင်းသော မတော်တဆတစ်ခုက ထိုအရာကို ပြောင်းလဲစေခဲ့သည်။ သူမသည် သူမ၏အမွှာညီအစ်မနှင့်အတူ ကျောင်းမှ အိမ်သို့လမ်းလျှောက်ပြန်လာသောအခါ စိတ်ဆိုးသော မိန်းကလေးတစ်ယောက်က အယ်လင်၏နှာခေါင်းကို ကျောက်ခဲဖြင့် ပစ်ပေါက်ခဲ့သည်။ ၎င်းသည် သူမကို သတိလစ်စေခဲ့ပြီး၊ ဆိုးရွားစွာသွေးထွက်စေခဲ့သည်။ သူမအသက်ရှင်လိမ့်မည်ဟု သူမမိခင်တစ်ယောက်တည်းကသာ ထင်ခဲ့သည်။ သူမသည် အယ်လင်အတွက် ဆုတောင်းခဲ့သည်၊ ဘုရားသခင်သည်လည်း သူမ၏ ဆုတောင်းခြင်းများကို အဖြေပေးခဲ့သည်။